dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to protect Myanmar's Cultural Heritage?"*

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဂါဒလမ်းပေါ်က မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်တွေကို ဘယ်လိုထိန်းသိမ်းမလဲ၊ ဘယ်သူထိန်းသိမ်းမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

ယဉ်ကျေးမှုနှင့်သမိုင်းအမွေအနှစ်များသည် လူမျိုးတစ်မျိုး၏ ဂုဏ်ရည်အဆင့်အတန်းကို ဖော်ပြနေသည့် မျက်တွေ့ သမိုင်းမှတ်တမ်းများဟု ဆို၍ရမည်ထင်ပါသည်။ မြန်မာ့သမိုင်း ရှာဖွေရေးသားသူတို့က မြန်မာတို့သည် ပျူနှင့်မွန်တို့၏ ယဉ်ကျေးမှုကို  အခြေခံအုတ်မြစ်သဖွယ်ထား၍ မိမိတို့ ယဉ်ကျေးမှုကို ပြုစုပျိုးထောင်မှု ပြုခဲ့သည်ဟုလည်း ဆိုသည်။

ကိုယ်ပိုင်ထီးနန်း ၊ ကိုယ်ပိုင်ယဉ်ကျေးမှုများနှင့် ရပ်တည်နေထိုင်လာခဲ့ကြသည့် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်တို့မှာလည်း များစွာရှိနေပေသည်။ ဖွံ့ဖြိုးမှုနောက်ကျနေခြင်းနှင့် နိုင်ငံ၏ စီးပွားရေးအကျပ်အတည်း၊ နိုင်ငံတကာ ဂင်ဆံ့မှုအားနည်းခဲ့ခြင်း၊ ဘုရား၊ကျောင်းကန် မြင်ပါက ပြင်ချင်၊ ဆောက်ချင် တတ်သည့် မြန်မာလူမျိုးတို့၏ စိတ်ရင်းတို့ကလည်း မြန်မာ့အမွေအနှစ်များ ပျောက်ဆုံးပျက်စီးစေခဲ့မှုတို့အတွက် အကြောင်းတရားတစ်ခုအဖြစ်ပါဝင်နေသည်။ မြန်မာတိုင်းရင်းသားများ ထဲမှ ကယန်းလူမျိုးတို့မှာ ယခုအခါထိုင်းနိုင်ငံမှ ၎င်းတို့၏ လူမျိုးအဖြစ် WIPO သို့ မှတ်ပုံတင်ထားခဲ့ပြီ ဖြစ်သည်။ ထို့အတူပင် ပြည်သူတို့၏ တန်ဖိုးထားသိရှိနားလည်မှုအားနည်းခြင်းကြောင့်လည်း မြန်မာ့ရှေးဟောင်းပစ္စည်းတို့နှင့် ဒေသမျိုးရင်း အပင်နှင့်သားမျိုးစိတ်တို့မှာလည်း စီးပွားရေးကူးသန်းမှုအဖြစ် ပြည်ပသို့ ရောက်ရှိခဲ့ကြရပေသည်။

ကမ္ဘာ့ယာဉ်ကျေးမှုအမွေအနှစ်များအဖြစ် သတ်မှတ်ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော UNISCO တွင် ရှေးဟောင်းဟူသည့် တန်ဖိုးအပေါ် အကဲဖြတ်မှုလွဲခဲ့ခြင်းကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းမဝင်နိုင်သေးသော်လည်း ပျူမြို့ဟောင်းများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း စသည့် နေရာများမှာမူ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်း သို့ရောက်ရှိခဲ့သည်။ ထို့အတူ ချင်းပြည်နယ်ရှိ မြေဧက ၁၇၀၀၀၀ ကျော်ရှိသည့် နတ်မတောင် အမျိုးသားဥယျာဉ်မှာလည်း အာဆီယံအမွေအနှစ်အဖြစ် သတ်မှတ်ထားခြင်းခံထားရသည်။

ထို့အပြင် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် နှောင်းပိုင်းခန့်၌ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော်တို့၏ တူရိယာ ပညာများကို " ဒြပ်မဲ့ ယဉ်ကျေးမှု " အဖြစ် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ အဆိုပါကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကမ္ဘာ့ အမွေအနှစ် စာရင်းဝင်ရန် လုပ်ဆောင်ရာတွင် ၎င်းတို့ သတ်မှတ်ထားသည့် စံနှုန်းများကို သိရှိရန်လိုအပ်သည့်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အဆိုပြုလွှာတင်သွင်းမည့် ဝန်ထမ်းများကို ယူနက်စကိုမှ သင်တန်းများ ပို့ချပေးမည်ဟုလည်း သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဟံလင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများအပြင် နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် (၁၉၉၈) ခုနှစ် အမျိုးသားယာဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေကို တိတိကျကျအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ထိန်းသိမ်းရန် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူပေါင်းလုပ်ဆောင်လျက်ရှိပြီး ထပ်မံဖော်ထုတ်ရန် လိုအပ်ချက်များ ရှိနေကြောင်း ဆိုထားသည်။

ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်တွင် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်မှု၊ ထိန်းသိမ်းစောင့်ရှောက်ရာမှာ အစိုးရရဲ့ ပံ့ပိုးပေးနိုင်မှုနှင့်တာဝန်ရှိမှု၊ ပြည်သူတွေ အနေနဲ့ရော မည်မျှတာဝန်ရှိနေသလဲ၊ မပျောက်ပျက်သွားအောင်၊ ရေရှည်တည်တံ့အောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ကြမလဲ စသည်များကို ဆွေးနွေးကြမည်ဖြစ်သည်။

## သူတို့အမြင်

"ယဉ်ကျေးမှုဂန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာ သုံးစွဲနိုင်ရေးအခက်အခဲများကြောင့် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ ပြုပြင်မွမ်းမံထိန်းသိမ်းမှုတွင် အားနည်းချက်များရှိခဲ့သော်လည်း သံဃာတော်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သာသနာအကျိုးဆောင် ဘုရားဂေါပကများနှင့် အလှူရှင်တို့၏ ပူးပေါင်းပါဂင် ထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ရေရှည်တည်တံ့မှုကို ဖြစ်စေသကဲ့သို့ အချို့သောလုပ်ဆောင်မှုများမှာ ရှေးဟောင်းအမွေအနှစ် လက်ရာများအား ပျက်စီးပျောက်ကွယ်သွားစေနိုင်"

**ဦးညိုမြင့်ထွန်း** -ညွှန်ကြားရေးမှူး၊ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေး)

***Information links:***

[www.dvbdebate.net](www.dvbdebate.net)
[www.Burmese.dvb.no](www.Burmese.dvb.no)
[www.facebook.com/dvb.debate](www.facebook.com/dvb.debate)